## ၇။ အပူပိုင်းပုရွက်ဆိတ်

**Tropical Fire Ant : *Solenopsis geminate* (Fabricius, 1804)**

**Hymenoptera: Formicidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





လုပ်သားပုရွက်ဆိတ်များတွင် ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းကြားတွင် အဖုနှစ်ခုပါရှိသည့်အပြင် ထင်ရှားသည့် စုပေါင်းမျက်လုံးများ၊ ဦးခေါင်းပေါ်တွင် နက်သောထွင်းကြောင်းများ ပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ

အစေ့မျိုးအား စားသောက်ဖျက်ဆီးသည်။ မြေပေါ်တွင် ပုရွက်ဆိတ်အသိုက်၊လှိုဏ်များ တည်ဆောက် ဖျက်ဆီးသည်။



### ဘဝစက်ဝန်း

| | |
|---|---|
| ဥ အဆင့် | – (၁၄–၁၇) ရက် |
| လောက်ကောင် အဆင့် | – (၂၄ – ၄၂) ရက် |
| ရုပ်ဖုံး အဆင့် | – (၁၉) ရက် |
| အကောင်ကြီး အဆင့် | – (၃ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) စိုက်ခင်းများအတွင်း အုံဖွဲ့ဖျက်ဆီးခြင်းမှ ကာကွယ်ရန် ရေသွင်းစနစ်ကို အသုံးပြုပါ။

(၂)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဒယ်လ်တာမီသရင် (Deltamethrin)